နယူးမြန်မာဖောင်ဒေးရှင်း

(NEW MYANMAR FOUNDATION)

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး ကနဦးအစီရင်ခံစာ

(ထုတ်ပြန်ချက်အမှတ် - ၁/၂၀၁၉)

(၂၀၁၉) ခုနှစ်၊ ဧပြီလ (၂) ရက် (အင်္ဂါနေ့)

(၁၃၈၀) ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃) ရက်နေ့

ရန်ကုန်မြို့တော်တွင် (၂၀၁၉) ခုနှစ်၊ မတ်လ (၃၁) ရက်နေ့(တနင်္ဂနွေနေ့)၌ ကျင်းပပြုလုပ်ခဲ့သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲသည် ရန်ကုန်မြို့တော်ရှိ စည်ပင်သာယာရေးကော်မတီများ၏ ဒုတိယအကြိမ်ကော်မတီသက်တမ်းအတွက် ကော်မတီအဖွဲ့ဝင်များကို တစ်စိတ်တစ်ပိုင်းအားဖြင့် ရွေးကောက်တင်မြှောက်သော ဒေသန္တရရွေးကောက်ပွဲတစ်ခုဖြစ်သည်။ ပထမအကြိမ်ကော်မတီသက်တမ်းအတွက်ရွေးကောက်ပွဲကို (၂၀၁၄) ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီးနောက်ပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများပြဋ္ဌာန်းပြင်ဆင်ခဲ့ကာ ဒုတိယအကြိမ်ကော်မတီသက်တမ်းအတွက် ယခုရွေးကောက်ပွဲအားကျင်းပခြင်းဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲသည် ကော်မတီအဆင့် (၂) ဆင့်ဖြစ်သော မြို့တော်အဆင့်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတစ်ရပ်နှင့် မြို့နယ်အဆင့်ရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီ (၃၃) ရပ်အတွက် တစ်ပြိုင်နက်တည်းကျင်းပပြုလုပ်ခဲ့သည်။ ရွေးကောက်ပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွက် (၆) ဦး[1]နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအတွက် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)နှင့် အဖွဲ့ဝင်(၂) နေရာများအတွက် နေရာအလိုက် (၃) ဦးဖြင့်၊ မြို့နယ်အားလုံးအတွက်[2]စုစုပေါင်း (၉၉) နေရာ၊ ကော်မတီအဆင့်ဆင့်အတွက် စုစုပေါင်း (၁၀၅) နေရာကို ရန်ကုန်မြို့တော်ရှိမဲဆန္ဒရှင်များမှ မဲပေးရွေးချယ်ရခြင်းဖြစ်သည်။

---

[1] ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈) အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အဖွဲ့ဝင်စုစုပေါင်း (၁၁) ဦးရှိရာ၊ ပြည်သူမှရွေးကောက်တင်မြှောက်ခွင့်ရသူ (၆) ဦးရှိပြီး၊ ၎င်းတို့ထဲမှတစ်ဦးမှာ ဒုတိယမြို့တော်ဝန်ဖြစ်လာမည်ဖြစ်သည်။

[2] ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်စုစုပေါင်း (၄၅) မြို့နယ်ရှိရာ၊ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်းရှိ မြို့နယ် (၃၃) သာ ယခုရွေးကောက်ပွဲတွင် အကျုံးဝင်ပြီး၊ ကျန်မြို့နယ် (၁၂) မြို့နယ်မပါဝင်ပေ။

ကနဦးအနေဖြင့်တင်ပြရလျှင် (၂၀၁၉) ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် သက်ဆိုင်ရာမဲဆန္ဒနယ်များ၊ မြို့နယ်များတွင် တပြိုင်နက်တည်းကျင်းပပြုလုပ်ခဲ့သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ ဒေသန္တရရွေးကောက်ပွဲများနှင့် ဒေသန္တရဒီမိုကရေစီအတွက် များစွာအရေးကြီးသော ခြေလှမ်းတစ်ရပ် ဖြစ်သော်လည်း၊ ထိရောက်အောင်မြင်သည့်ရွေးကောက်ပွဲတစ်ရပ်ဖြစ်ပေါ်လာစေရန် လက်တွေ့အကောင်အထည် ဖော်ရာ၌ စိန်ခေါ်မှုများလည်း ရှိလာခဲ့သည်။ ခြုံငုံသုံးသပ်ရလျှင် ဤရွေးကောက်ပွဲများ၌ မဲဆန္ဒရှင်များ၏ စိတ်ပါဝင်စားမှုနည်းပါးခဲ့ပြီး၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ကြိုတင်ပြင်ဆင်မှုဆိုင်ရာ အားနည်းချက်အချို့နှင့် ကျင်းပပြီးစီးခဲ့သည်။ New Myanmar Foundation (NMF) အဖွဲ့သည် ရွေးကောက်ပွဲကျင်းပသည့်မြို့နယ်များတွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူသုံးရာကျော်ကိုနေရာချထားခဲ့ရာ ၄င်းတို့မှ ရွေးကောက်ပွဲနေ့အစီရင်ခံစာ အစောင်ရေစုစုပေါင်း (၁,၀၃၀) စောင်ကို ပေးပို့ခဲ့ကြသည်။ အဆိုပါအစီရင်ခံစာများအရ အငြင်းပွားမှုအချို့နှင့် မဲပေးခွင့်မရဘဲ ပြန်သွားရသူအချို့ရှိခဲ့သော်လည်း၊ ရွေးကောက်ပွဲနေ့လုပ်ငန်းစဉ်များအားအကဲဖြတ်ရာတွင် (၉၅%) ရာခိုင်နှုန်း ကောင်းမွန်သည်ဟုဆိုကြသည်။ ယခုအစီရင်ခံစာသည် ရွေးကောက်ပွဲနေ့တွေ့ရှိချက်များကို အဓိကထား အကျဉ်းချုပ်၍၊ ခြုံငုံသုံးသပ်၊ တင်ပြထားခြင်း ဖြစ်သည်။

# ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စောင့်ကြည့်လေ့လာခြင်း

## ရွေးကောက်ပွဲအကြိုကာလအခြေအနေ

ကာလရှည်စောင့်ကြည့်လေ့လာသူ (၁၂) ဦးမှ ရွေးကောက်ပွဲနေ့မတိုင်မီ မတ်လ (၂၅) ရက်နေ့မှ (၃၀) ရက်နေ့အထိ ရွေးကောက်ပွဲအခြေအနေအားလေ့လာခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိရသည်။

### ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်

ခြုံငုံသုံးသပ်ရလျှင် ပထမအကြိမ်ကော်မတီသက်တမ်းအပြီး၊ (၂၀၁၈) ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့တွင် အသစ်ထပ်မံ ပြဋ္ဌာန်းခဲ့သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများအရ ပိုမိုကောင်းမွန်သည့် ဒေသန္တရရွေးကောက်ပွဲဆိုင်ရာဥပဒေ မူဘောင်တစ်ခုဖြစ်လာခဲ့သည်။ အဆိုပါဥပဒေ၊ နည်းဥပဒေများအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC) ၏ဖွဲ့စည်းပုံအား တိုင်းဒေသကြီးအဆင့်အနေဖြင့် ပြန်လည်ပြင်ဆင်ခဲ့ပြီး ကော်မတီဝင်ဦးရေနေရာစုစုပေါင်း (၁၁) ရှိလာခဲ့ကာ၊ ပြည်သူမှရွေးကောက်တင်မြှောက်ခွင့်ရသူ (၆) ဦးအထိရှိလာခဲ့သည်။ (ယခင် ခရိုင်အဆင့် စည်ပင် သာယာရေးကော်မတီကို ပယ်ဖျက်ခဲ့သည်။) ယင်းအတွက် ကော်မတီဝင် (၆) ဦးကိုရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ် (၆) ခုသတ်မှတ်ရမည်ဖြစ်ပြီး၊ မဲဆန္ဒတစ်ခုလျှင် အနိုင်ရသူအကုန်ယူရွေးကောက်ပွဲစနစ်ဖြင့် အနိုင်ရ

ကိုယ်စားလှယ်တစ်ဦးစီတက်လာမည်ဖြစ်၍ ၎င်းတို့ထဲမှ တစ်ဦးမှာ ဒုတိယမြို့တော်ဝန် (ကော်မတီ၏ဒုတိယဥက္ကဋ္ဌ) ဖြစ်လာမည်ဖြစ်သည်။[3] မြို့တော်မဲဆန္ဒနယ်များ၏ မဲဆန္ဒနယ် နယ်နိမိတ်သတ်မှတ်ရန် လုပ်ငန်းစဉ်တစ်ခုသတ်မှတ်ထားပြီး၊ ရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်ရသည်။ မြို့နယ်အဆင့်ရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီတွင် အဖွဲ့ဝင်စုစုပေါင်း (၅) ဦးရှိပြီး၊ မြို့နယ်(မဲဆန္ဒနယ်)တစ်ခုတွင် ဥက္ကဋ္ဌနေရာ၊ အဖွဲ့ဝင် (၁) နေရာ၊ အဖွဲ့ဝင် (၂) နေရာများအတွက် မဲဆန္ဒရှင်များမှ မဲပေးရွေးချယ်ရသည်။

ဥပဒေမူဘောင်အသစ်အရ ကော်မတီဝင်လောင်း(ကိုယ်စားလှယ်လောင်း)အရည်အချင်းသတ်မှတ်ချက်များတွင် အသက်အရွယ်သတ်မှတ်ချက်ဖြစ်သည့် အသက် (၂၅) နှစ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိလာခြင်းကြောင့် လူငယ်များအတွက် ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် လမ်းစတစ်ခုဖြစ်ခဲ့သည်။ ထို့အပြင် အသက် (၁၈) နှစ်ပြည့်ပြီးသူများ မဲပေးခွင့်ရရှိလာပြီး မြန်မာနိုင်ငံရှိဒေသန္တရရွေးကောက်ပွဲတစ်ရပ်အတွက် ပိုမိုကောင်းမွန်သော အလားအလာများ ရှိလာခဲ့သည်။ ကော်မတီဝင်လောင်းတစ်ဦးအတွက် ၎င်းနေထိုင်ရာမဲဆန္ဒနယ် သို့မဟုတ် မြို့နယ်တစ်ခုတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပြီး၊ မဲဆန္ဒနယ် သို့မဟုတ် မြို့နယ်ပြောင်းလဲ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိပေ။

## ရွေးကောက်ပွဲကော်မရှင်[4]၏ စီမံဆောင်ရွက်မှု

ရွေးကောက်ပွဲစီမံအုပ်ချုပ်မှုအဖွဲ့အနေဖြင့် မြို့တော်အဆင့်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲကော်မရှင်နှင့် မြို့နယ်အဆင့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ရှိကြသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကော်မရှင်မှပို့ချသော မဲရုံလုပ်ငန်းဆိုင်ရာသင်တန်းများကို ကနဦးတက်ရောက်ကြရပြီး၊ ရပ်/ကျေးအဆင့်ကော်မရှင်အဖွဲ့ဝင်များကို သင်တန်းများပြန်လည်ပို့ချရသည်။ မဲရုံမှူးသင်တန်းများကို မြို့နယ်/မဲဆန္ဒနယ်များတွင် ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရသော်လည်း၊ အဆိုပါသင်တန်းများအား ပိုမိုထိရောက်စွာ ဖွင့်လှစ်သင်ကြားပေးနိုင်ရန် လိုအပ်ချက်များရှိနေနိုင်သည်ဟု သုံးသပ်ချက်များရရှိခဲ့သည်။

## မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် မဲစာရင်းကြေညာခြင်း

ကာလရှည်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများစွာရှိခဲ့သည်။ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းစဉ်၏ပွင့်လင်းမြင်သာမှုအပေါ်မေးခွန်းများ ရှိနေကြပြီး၊ နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များ ရှိနေနိုင်သည်ဟု သုံးသပ်မှုများ ရှိခဲ့သည်။ တစ်အိမ်တက်ဆင်းစနစ်

---

[3] ပြည်ထောင်စုအဆင့်ဥပဒေတစ်ခုဖြစ်သည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁၆/၂၀၁၀၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ၊ ပုဒ်မ ၆၀။ အရ မြို့တော်ဝန် (ကော်မတီ၏ဥက္ကဋ္ဌ)ကို နိုင်ငံတော်သမ္မတမှ တာဝန်ပေးအပ်သည်။

[4] ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲကော်မရှင်

(ရှိ/ကောက်စနစ်)ဖြင့် ကောက်ယူခြင်း၊ အိမ်ထောင်စုစာရင်း (သို့မဟုတ် ယာယီအိမ်ထောင်စုစာရင်း)ဖြင့် ကောက်ယူခြင်းများစသည့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေ[5]ပါ ပြဋ္ဌာန်းချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရှုပ်ထွေးမှုများရှိနိုင်သည့်အပြင်၊ ယင်းနည်းဥပဒေပါ သက်သေအထောက်အထားများရရှိရန် လုပ်ဆောင်နိုင်သည့် မဲဆန္ဒရှင်များ အလွန်နည်းပါးခဲ့သည်ဟု သုံးသပ်မှုများ ရှိခဲ့သည်။

မဲဆန္ဒရှင်များနှင့် တွေ့ဆုံမေးမြန်းချက်များအရ မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာချိန်တွင် သွားရောက်စစ်ဆေးသူနှင့် အထက်ဖော်ပြပါ သက်သေအထောက်အထားရရှိရန် ကြိုးပမ်းဆောင်ရွက်သူ များစွာနည်းပါးခဲ့သည်ဟု အစီရင်ခံစာပေးပို့ခြင်းများ ရှိခဲ့သည်။

## မဲဆန္ဒရှင်သတင်းအချက်အလက်

မဲဆန္ဒရှင်များအနေဖြင့် စည်ပင်ရွေးကောက်ပွဲအား စိတ်ပါဝင်စားမှုနည်းပါးသည်ဟု ကာလရှည်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏သုံးသပ်ချက်များရှိခဲ့ပြီး၊ စည်ပင်ရွေးကောက်ပွဲကဲ့သို့ ဒေသန္တရရွေးကောက်ပွဲများ၏ အရေးပါမှုကို မဲဆန္ဒရှင်ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်၊ ရွေးကောက်ပွဲနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ ကော်မတီဝင်လောင်းများနှင့်ပတ်သက်သော သတင်းအချက်အလက်များ၊ ရွေးကောက်ပွဲကတိကဝတ်များကို လုံလုံလောက်လောက်သိရှိနိုင်ရန် ရွေးကောက်ပွဲအချိန်ကာလကို ယခုထက်ပိုမို၍ အချိန်ယူသင့်သည်ဟူသော အမြင်များလည်းရှိခဲ့ကြသည်။ မဲပေးပုံနည်းလမ်းများ၊ ကော်မတီဝင်လောင်း(ကိုယ်စားလှယ်လောင်း)များ၊ အထူးသဖြင့် မဲဆန္ဒရှင်စာရင်းဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်သော သတင်းအချက်အလက်များကို မဲဆန္ဒရှင်များမှ ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ရန် လိုအပ်မှုများရှိနေကြောင်း သုံးသပ်တင်ပြခဲ့ကြသည်။

မဲဆန္ဒရှင်ပြည်သူများကို အင်တာဗျူးမေးမြန်းမှုများအရ အများစုမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို သိရှိကြသော်လည်း၊ စည်ပင်သာယာရေးဥပဒေအသစ်နှင့် ရွေးကောက်ပွဲအကြောင်းကို သေသေချာချာသိရှိမှု နည်းပါးနေသည်ကို တွေ့ရှိရသည်။

## မဲဆွယ်စည်းရုံးခြင်း

ကာလရှည်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများမှပေးပို့သော အစီရင်ခံစာများအရ မဲဆွယ်စည်းရုံးရေးအခြေအနေမှာ အများအားဖြင့် အေးအေးချမ်းချမ်းရှိခဲ့ပြီး၊ ထိပ်တိုက်တွေ့မှုများ၊ ပြဿနာများမရှိခဲ့ဟု သတင်းပေးပို့ခဲ့ကြသည်။ ကော်မတီဝင်လောင်း(ကိုယ်စားလှယ်လောင်း)များနှင့် တွေ့ဆုံမေးမြန်းချက်များအရ မဲဆွယ်စည်းရုံးခွင့်ကာလသတ်မှတ်ချက်ဖြစ်သည့် ဖေဖော်ဝါရီလ (၂၈) ရက်နေ့မှ မတ်လ (၂၉) ရက်နေ့အထိ အချိန်ရရှိသော်လည်း၊ ၄င်းတို့အနေ

[5] ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာနည်းဥပဒေများ - အခန်း (၆)၊ မဲစာရင်းပြုစုခြင်း

ဖြင့် ကျောင်းစာမေးပွဲကာလအတွင်း မဲဆွယ်စည်းရုံးခြင်းအစီအစဉ်မထားရှိဘဲ၊ မတ်လတတိယသီတင်းပတ်တွင်မှ မဲဆွယ်စည်းရုံးရေးများပြုလုပ်ရန် စီစဉ်မှုများရှိခဲ့သည်။

မဲဆွယ်စည်းရုံးရေးနည်းလမ်းများတွင် စုဝေးဟောပြောသည့်ပုံစံများနည်းပါးခဲ့ပြီး၊ အများအားဖြင့် ကားဖြင့်လှည့်လည်ခြင်း၊ လက်ကမ်းစာစောင်ဝေခြင်းများရှိခဲ့၍၊ မဲဆွယ်စည်းရုံးရေးကြော်ညာဆိုင်းဘုတ်ဒ်များအသုံးပြုခြင်းဖြင့် မဲဆွယ်စည်းရုံးမှုများရှိခဲ့ကြသည်။ ထို့အပြင် လူမှုကွန်ယက်စာမျက်နှာမှ ကြော်ငြာခြင်းသည့်ပုံစံအချို့ရှိခဲ့သည်ဟု အစီရင်ခံမှုများ ရှိခဲ့သည်။ လှည့်လည်၍မဲဆွယ်စည်းရုံးရာတွင် လုံခြုံရေး (သို့မဟုတ်) ရဲတပ်ဖွဲ့ဝင်များမှ လုံခြုံရေး ဆောင်ရွက်ခြင်းများ နည်းပါးခဲ့သော်လည်း၊ များသောအားဖြင့် လုံခြုံရေးအရ ခြိမ်းခြောက်မှုများ၊ အနှောက်အယှက် များမရှိဘဲ ငြိမ်းချမ်းစွာဟောပြောနိုင်သည်ဟု ကာလရှည်စောင့်ကြည့်လေ့လာသူများမှ သတင်းပေးပို့ခဲ့ကြသည်။ ထို့အပြင် ကော်မဝင်လောင်း(ကိုယ်စားလှယ်လောင်း)များအနေဖြင့် မဲဆွယ်စည်းရုံးရေးအား လွတ်လပ်စွာ စည်းရုံး ဟောပြောနိုင်ကြသော်လည်း၊ ကိုယ်စားလှယ်များ၏ ရွေးကောက်ပွဲကတိကဝတ်များ၊ ၎င်းတို့၏ မူဝါဒများနှင့် ပတ်သက်ပြီး၊ မဲဆန္ဒရှင်များမှ ကောင်းမွန်စွာရွေးချယ်နိုင်ရန် လုံလောက်သည့်သတင်းအချက်အလက်များ ရရှိမှု နည်းပါးနိုင်သည်ဟု သုံးသပ်ကြသည်။ အမုန်းစကားများ၊ ဘာသာရေး၊ လူမျိုးရေးပုံရိပ်များအား ထိခိုက်ပြောဆိုမှု အချို့ကို ကြားသိရသော်လည်း၊ ကာလရှည်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ သွားရောက်လေ့လာခဲ့သည့် မဲဆွယ်စည်းရုံးရေးစည်းရုံးဟောပြောမှုများတွင် အများအားဖြင့် ၎င်းကဲ့သို့ထိခိုက်ပြောဆိုမှုများ မတွေ့ရှိခဲ့ရကြောင်း အစီရင်ခံခဲ့သည်။ ထို့အပြင် နိုင်ငံပိုင်အရင်းအမြစ်များကို မမျှမတအသုံးပြုမှုများ၊ တံစိုးလက်ဆောင်ပေးခြင်းများ၊ မဲဆန္ဒရှင်များကို လွှမ်းမိုးချုပ်ကိုင်ရန်ခြိမ်းခြောက်မှုများကို မတွေ့ရှိရဘဲ၊ ကျား/မရေးရာအခြေပြုခွဲခြားမှုများ၊ ထိခိုက်ပြောဆိုမှုများ တွေ့ရလေ့မရှိဟု ဆိုကြသည်။ များသောအားဖြင့် မဲဆွယ်စည်းရုံးရေးဝန်းကျင်အနေအထား သည် အမျိုးသမီးများ၊ ကန့်သတ်ခံအုပ်စုများပါဝင်နိုင်သည့် အနေအထားတွင်ရှိသည်ဟု သုံးသပ်တင်ပြခဲ့ကြသည်။

# ရွေးကောက်ပွဲနေ့အခြေအနေ

## မဲရုံဖွင့်လှစ်ခြင်း

New Myanmar Foundation (NMF) အဖွဲ့မှ စောင့်ကြည့်လေ့လာသူများသည် မဲရုံ (၃၁၈) ရုံတွင် မဲရုံဖွင့်လှစ်ခြင်း လုပ်ငန်းစဉ်များကို လေ့လာခဲ့ပြီး၊ (၉၄%) ရာခိုင်နှုန်းသောစောင့်ကြည့်လေ့လာသူများမှ ကောင်းမွန်မှုရှိသည်ဟု အကဲဖြတ်ကြပြီး၊ (၆%) ရာခိုင်နှုန်းမှာမူ အားနည်းချက်များရှိခဲ့သည်ဟု ဆိုကြသည်။ အစောပိုင်းတွင် အချို့သော မဲရုံများ၌ စောင့်ကြည့်လေ့လာသူများမှမဲရုံသို့ဝင်ရောက်လေ့လာရန် ငြင်းပယ်၊ တားဆီးခံရခြင်းအနည်းငယ်ရှိခဲ့ပြီး၊ နောက်ပိုင်း မဲရုံအများစု၌ စောင့်ကြည့်လေ့လာခွင့်ပြန်လည်ရရှိခဲ့သည်။

မဲရုံပတ်ဝန်းကျင်အနေအထားအား လေ့လာရာတွင် မဲရုံထားရှိရန်ကြိုတင်သတ်မှတ်၊ ကြေညာထားသောနေရာတွင် မဲရုံရှိသည်ဟုဖြေဆိုသူ (၉၈.၇%) ရာခိုင်နှုန်းရှိပြီး၊ (၁.၃%) ရာခိုင်နှုန်းမှာမူ မရှိဟုဆိုကြသည်။ နောက်ဆက်တွဲ သတင်းပေးပို့မှုများအရ မဲဆန္ဒရှင်များအနေဖြင့် မဲရုံတည်နေရာအား ရှာဖွေရသည့် အခက်အခဲအချို့ရှိခဲ့သည်ဟု ဆိုကြသည်။ (၉၂.၄%) ရာခိုင်နှုန်းသော စောင့်ကြည့်လေ့လာသူများက မဲရုံသွားသည့်လမ်းတွင် လမ်းပိတ်ဆို့မှု၊ အတားအဆီးများ မရှိဟုဆိုကြပြီး၊ (၇.၆%) ရာခိုင်နှုန်းက အတားအဆီးများရှိနေသည်ဟုဆိုကြသည်။ မသန်စွမ်းများအနေဖြင့် မဲရုံသို့ သွားရောက်နိုင်ရန်ပြင်ဆင်ထားခြင်းအတန်ငယ်အားနည်းခဲ့ပြီး၊ (၇၈.၁%) ရာခိုင်နှုန်းသောမဲရုံများတွင်သာ ၄င်းတို့သွားရောက်နိုင်ရန်ပြင်ဆင်ထားသည်ဟုဆို၍ ကျန် (၂၁.၉%) ရာခိုင်နှုန်းသောမဲရုံများတွင် ယင်းအနေအထားမရှိသည်ကို တွေ့ရသည်။ ထို့အပြင် (၈၉.၂%) ရာခိုင်နှုန်းသောမဲရုံများတွင် မဲပေးမည့်သူများအနေဖြင့် လွယ်ကူစွာ တန်းစီစောင့်ဆိုင်းနိုင်သည့်အနေအထားရှိပြီး၊ (၁၀.၈%) ရာခိုင်နှုန်းတွင် ယင်းအနေအထားမရှိသည်ကို တွေ့ရှိရသည်။

မဲရုံဖွင့်လှစ်ခြင်းလုပ်ငန်းစဉ်အား ဆက်လက်လေ့လာရာ၌ မဲရုံများတွင် မဲစာရင်းကပ်ထားကြေညာခြင်းမှလွဲ၍ ကျန်လုပ်ငန်းစဉ်များတွင် အများအားဖြင့်အဆင်ပြေချောမွေ့ခဲ့သည်ကို တွေ့ရှိရသည်။ ရာခိုင်နှုန်းအားဖြင့် (၆၀%) ရာခိုင်နှုန်းသောမဲရုံများတွင် မဲစာရင်းကပ်ထားသည်ကို တွေ့ရပြီး၊ (၃၉.၉%) ရာခိုင်နှုန်းသောမဲရုံများတွင် မဲစာရင်းများကပ်ထားသည်ကို မတွေ့ရှိခဲ့ရပေ။

မဲရုံများခင်ကျင်းပြင်ဆင်မှုမှာ သတ်မှတ်ပုံစံများအတိုင်းခင်ကျင်းပြင်ဆင်သည့်မဲရုံ (၉၄.၅%) ရာခိုင်နှုန်းရှိပြီး၊ (၅.၅%) ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ မဲရုံအနေအထားနှင့်ပတ်သက်ပြီး၊ မဲရုံနေရာကျဉ်းမြောင်းသည့် မဲရုံအချို့ရှိသည်ဟု နောက်ဆက်တွဲသတင်းပေးပို့မှုများရှိခဲ့ပြီး၊ နေရာအခက်အခဲရှိသောမဲရုံများတွင် မဲရုံအဆောက်အအုံနှင့်ပတ်သက်၍ မဲရုံဖွင့်လှစ်ရန်အခက်အခက်အချို့ရှိခဲ့သည်ဟု အစီရင်ခံတင်ပြမှုအချို့ရှိခဲ့သည်။ မဲဆန္ဒရှင်များ လျှို့ဝှက်မဲပေးနိုင်သည့်အနေအထားရှိစေရန် ပြင်ဆင်ထားသည့်မဲရုံများမှာ (၉၀.၇%) ရာခိုင်နှုန်းရှိပြီး၊ (၉.၃%) ရာခိုင်နှုန်းမှာမူ အားနည်းချက်များရှိနေသည်ဟုဆိုကြသည်။ မဲရုံအားလုံးနီးပါးဖြစ်သော (၉၇.၄%) ရာခိုင်နှုန်းတွင် မဲရုံသုံးပစ္စည်းများ စုံလင်စွာရှိသည်ကိုတွေ့ရပြီး၊ (၂.၆%) ရာခိုင်နှုန်းတွင်သာ လုံလောက်မှုမရှိဟုဆိုကြသည်။ မဲရုံအများစုဖြစ်သော (၉၅.၂%) ရာခိုင်

နှုန်းတွင် မဲလက်မှတ်များလုံလောက်မှုရှိသည်ဟုဆိုကြပြီး၊ (၄.၈%) ရာခိုင်နှုန်းသောမဲရုံများတွင် လုံလောက်မှုမရှိဟု ဆိုသည်။ (၉၅.၈%) ရာခိုင်နှုန်းသောမဲရုံများတွင် မဲပုံးအလွတ်များကို လူအများသို့ သက်သေပြခြင်းကို ဆောင်ရွက်ခဲ့ ကာ၊ မဲပုံးများကိုသက်သေပြပြီးနောက် မဲပုံးများကိုပိတ်ရာတွင် လုံခြုံမှုရှိသည်ဟု (၉၆.၅%) ရာခိုင်နှုန်းမှ သတင်းပေး ပို့ခဲ့ကြသည်။

(၆၁.၄%) ရာခိုင်နှုန်းသောမဲရုံများ၌ မဲရုံဖွင့်လှစ်နေစဉ် အခြားသောရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ရှိနေ သည်ကိုတွေ့ရှိရပြီး၊ ကော်မတီဝင်လောင်း(ကိုယ်စားလှယ်လောင်း)များ၏ မဲရုံကိုယ်စားလှယ်များကိုမူ (၇၈.၂%) ရာခိုင် နှုန်းသောမဲရုံများတွင်သာ တွေ့ရှိရပြီး၊ ၄င်းမဲရုံများတွင် ပျမ်းမျှ (၃) ဦးခန့်တွေ့ရှိရပြီး၊ အမျိုးသမီးထက်ဝက်ခန့်ပါဝင် ကြသည်။ မဲရုံမှူးအဖြစ်ဆောင်ရွက်သူများ၏ (၈၂.၇%) ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်။ မဲရုံဖွင့်လှစ်ချိန်တွင် မဲရုံသို့ဝင်ရောက်ခွင့်မရှိသူများ မဲရုံတွင်ရှိနေခြင်းဖြစ်ရပ်မျိုး မရှိ သလောက်ဖြစ်ခဲ့သည်။

လေ့လာခဲ့သည့် (၇၄.၃%) ရာခိုင်နှုန်းသောမဲရုံများတွင် မဲရုံဖွင့်နေချိန်၌ ကြိုတင်မဲများရောက်ရှိလာပြီး၊ အဆိုပါမဲရုံများ ၏ သုံးပုံတစ်ပုံခန့်တွင် ကြိုတင်မဲများအား ကပ်ထားကြေညာထားခြင်းမရှိခဲ့သည်ကို တွေ့ရှိရသည်။ ကြိုတင်မဲ အများစုမှာ မဲရုံသို့လုံခြုံစွာရောက်ရှိလာသော်လည်း ကြိုတင်မဲရောက်ရှိရာမဲရုံအချို့၌ မဲပေးပြီးကြောင်း မဲစာရင်းတွင် မှတ်သားထားခြင်းမျိုးမရှိကြောင်း တွေ့ရသည်။ ရာခိုင်နှုန်းအားဖြင့် ကြိုတင်မဲများရောက်ရှိရာမဲရုံများ၏ (၁၀.၆%) ရာခိုင်နှုန်းသောမဲရုံများတွင် ၄င်းကဲ့သို့တွေ့ရှိရသည်။

မဲရုံအများစုဖြစ်သော (၉၂.၀%) ရာခိုင်နှုန်းတွင် သတ်မှတ်ချက်အတိုင်း မဲရုံများကိုဖွင့်လှစ်နိုင်ခဲ့ပြီး၊ မဲရုံအချို့တွင်သာ အနည်းငယ်နောက်ကျပြီး(နံနက် ၆း၀၀ နာရီမှ ၆း၃၀ အတွင်း)တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ မဲရုံအများစုတွင် မဲရုံစတင်ဖွင့် လှစ်ချိန်၌ သက်ဆိုင်ရာမဲရုံဝန်ထမ်းများ လုံလောက်စွာရှိနေပြီး၊ မဲရုံကို အဆင်ပြေပြေဖွင့်လှစ်နိုင်ခဲ့သည်။

## မဲပေးခြင်း

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများမှ မဲရုံဖွင့်လှစ်ခြင်းလုပ်ငန်းစဉ်ကိုလေ့လာပြီးနောက် မဲပေးခြင်းဖြစ်စဉ်အား မဲရုံ (၄၂၅) ရုံတွင်ဆက်လက်လေ့လာသည်။ ယေဘူယျအားဖြင့် လာရောက်မဲပေးသူအလွန်နည်းပါးခဲ့ခြင်းမှအပ၊ ခြိမ်း ခြောက်၊ ဖိအားပေးမှုများ၊ ပြဿနာ၊ အငြင်းပွားမှုကြီးကြီးမားမားရှိခဲ့သည်ကို မတွေ့ရှိရပေ။ အနည်းငယ်သော (၅.၂%) ရာခိုင်နှုန်းသောမဲရုံများတွင်သာ လူတစ်ဦးထက်ပို၍ လျှို့ဝှက်မဲပေးခန်းသို့ဝင်ရောက်မဲပေးခြင်းမျိုးရှိခဲ့သည်ကို တွေ့ရ သော်လည်း၊ ရွေးကောက်ပွဲစောင့်ကြည့်သူများမှ မဲပေးခြင်းဖြစ်စဉ်အားအကဲဖြတ်ရာတွင် (၉၅%) ရာခိုင်နှုန်း ကောင်း မွန်သည်ဟု အကဲဖြတ်ကြသည်။

မဲပေးသည့်အချိန်တွင် အများအားဖြင့် အေးအေးချမ်းချမ်းရှိခဲ့ပြီး၊ တင်းမာမှုများ၊ ခိုက်ရန်ဖြစ်ပွားမှုများ မရှိသလောက် ဖြစ်ခဲ့သည်။ မဲပေးနေသည့်အချိန်အတွင်း မဲပုံးများလုံလုံခြုံခြုံရှိနေသည်ကိုတွေ့ရပြီး၊ ထုတ်ပေးသည့် မဲလက်မှတ်များ

တွင် မဲရုံမှူးလက်မှတ်နှင့် တံဆိပ်တုံးထုထားသည်ကို အများအားဖြင့်တွေ့ရှိရသည်။ မဲပေးသည့်အချိန်အတွင်း သွားရောက်လေ့လာရာမဲရုံများ၏ထက်ဝက်ခန့်၌ အခြားသောရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို တွေ့ရ တတ်ပြီး၊ ကော်မတီဝင်လောင်း(ကိုယ်စားလှယ်လောင်း)၏ကိုယ်စားလှယ်များကို (၈၄.၈%) ရာခိုင်နှုန်းခန့် တွေ့ရှိရ သည်။ မဲပေးချိန်တွင် မဲရုံသို့ဝင်ရောက်ခွင့်မရှိသူမှ မဲရုံသို့ဝင်ရောက်ခြင်းများအနည်းငယ် (၅.၀%) ရာခိုင်နှုန်းရှိ ခဲ့သည်ဟု ဆိုသည်။

မဲပေးခြင်းဖြစ်စဉ်အား စောင့်ကြည့်လေ့လာသည့်မဲရုံများ၏ (၃၀.၂%) ရာခိုင်နှုန်းသောမဲရုံများတွင် မဲမပေးရဘဲ ပြန် သွားရသူများရှိခဲ့သည်ဟု သတင်းပေးပို့ခဲ့ပြီး၊ သီးခြားသတင်းပေးပို့မှုများအရ မဲစာရင်းတွင် အမည်မပါရှိခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပါမလာခြင်း၊ မိမိမဲပေးရမည့် မဲရုံကို ရှာမတွေ့ခြင်းစသည့်တို့ကြောင့် မဲမပေးဘဲပြန်သွား ရသူများရှိခဲ့သည်ဟု သတင်းပေးပို့မှုများရှိခဲ့သည်။

မဲရုံအဝင်၌ လက်ဝဲဘက်(လက်သန်း)တွင် မင်သုတ်ထားခြင်းရှိ/မရှိ သေချာစွာစစ်ဆေးခြင်းကို စောင့်ကြည့်လေ့လာရာ မဲဆန္ဒရှင်တိုင်းကိုအမြဲတမ်းစစ်ဆေးမှု (၆၇.၉%) ရာခိုင်နှုန်းရှိပြီး၊ အများစုစစ်ဆေးခြင်း (၁၀.၉%) ရာခိုင်နှုန်း၊ တစ်ခါ တစ်ရံစစ်ဆေးခြင်း (၅.၄%) ရာခိုင်နှုန်းနှင့် စစ်ဆေးမှုမရှိခြင်း (၁၅.၈%) ရာခိုင်နှုန်းရှိသည်ကို တွေ့ရသော်လည်း၊ လူတစ်ဦးမှ အကြိမ်ကြိမ်မဲလာပေးခြင်း၊ အခြားသူတစ်ဦးကိုယ်စား (သို့မဟုတ်) အယောင်ဆောင်မဲပေးခြင်းများ စသည့် ပုံမှန်မဟုတ်သောဖြစ်ရပ်များ မတွေ့ရှိရသလောက်ဖြစ်သည်။ ထို့အပြင် မဲပေးပြီးသူများကို မဲပေးပြီးကြောင်း မင်တို့စေသည့်လုပ်ငန်းစဉ်အား မဲရုံအားလုံးနီးပါးတွင် အမြဲတမ်းဆောင်ရွက်ပေးသည်ကို တွေ့ရှိရသည်။ မဲစာရင်း စစ်ဆေးသူမှ မဲဆန္ဒရှင်မှန်ကန်ကြောင်း သေချာစွာစစ်ဆေးခြင်းကို (၉၀.၈%) ရာခိုင်နှုန်းအမြဲတမ်း၊ (၇.၆%) ရာခိုင်နှုန်း အများစုဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။ မဲစာရင်းစစ်ဆေးပြီးနောက် မဲဆန္ဒရှင်၏အမည်နေရာတွင် လက်မှတ်ထိုး ခိုင်းခြင်းကို အများအားဖြင့်ဆောင်ရွက်ခဲ့ပြီး၊ မဲလက်မှတ်ထုတ်ပေးခြင်းကိုလည်း အများအားဖြင့် သေချာစွာ ဆောင်ရွက်သည်ကို တွေ့ရှိရသည်။

ပုံမှန်မဟုတ်သောဖြစ်စဉ်များအား လေ့လာရာတွင် မဲဆန္ဒရှင်များအပေါ် ဖိအားပေးမှု၊ ခြိမ်းခြောက်မှုများ၊ မဲဆန္ဒရှင် များနှင့် မဲရုံဝန်ထမ်းများအပေါ် အကြမ်းဖက်မှုများ မရှိသလောက်နည်းပါးခဲ့ပြီး၊ လျှို့ဝှက်မဲပေးခန်းတွင် အချိန်ကြာမြင့် စွာမဲပေးမှုများလည်း မရှိသလောက်ပင်ဖြစ်သည်။ သို့သော် လူတစ်ဦးထက်ပို၍ အုပ်စုလိုက်မဲပေးခြင်း (ဥပမာ - မိသားစုလိုက်မဲပေးခြင်း)မျိုး အနည်းငယ်ရှိခဲ့သည်ဟု ယူဆရနိုင်ပြီး၊ ရာခိုင်နှုန်းအားဖြင့် (၅.၂%) ရာခိုင်နှုန်းရှိခဲ့သည်။

မဲပေးခြင်းလုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍ (၉၈.၃%) ရာခိုင်နှုန်းသောမဲရုံများတွင် မဲပေးခြင်းဖြစ်စဉ် အား မြင်သာစွာ စောင့်ကြည့်လေ့လာနိုင်ပြီး၊ (၉၇.၁%) ရာခိုင်နှုန်းသောမဲရုံများတွင် တာဝန်ရှိသူများမှ စောင့်ကြည့် လေ့လာသူများနှင့် ပူးပေါင်းဆောင်ရွက်သည်ကိုတွေ့ရှိရကာ၊ (၉၆.၇%) ရာခိုင်နှုန်းသောမဲရုံများတွင် မဲပေးခြင်းဖြစ်စဉ် ကို ကန့်သတ်မှုမရှိဘဲ စောင့်ကြည့်လေ့လာနိုင်သည်ကို တွေ့ရှိရသည်။

မဲပေးခြင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး စောင့်ကြည့်လေ့လာသူများမှ ကဏ္ဍအလိုက်အကဲဖြတ်ရာတွင် မဲရုံပတ်ဝန်းကျင် အနေအထားအား ကောင်းမွန်သည်ဟု အကဲဖြတ်မှု (၈၀.၅%) ရာခိုင်နှုန်း၊ အသင့်အတင့်ရှိသည်ဟု အကဲဖြတ်မှု (၁၇.၁%) ရာခိုင်နှုန်းရှိခဲ့ပြီး၊ မဲရုံဝန်ထမ်းများ၏ ကျွမ်းကျင်မှုအား (၇၇.၄%) ရာခိုင်နှုန်း ကောင်းမွန်သည်၊ (၂၀.၉%) ရာခိုင်နှုန်း အသင့်အတင့်ရှိသည်ဟုအကဲဖြတ်ကာ၊ မဲပေးမှုလုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုအပေါ် (၈၆.၄%) ရာခိုင်နှုန်း ကောင်းမွန်သည်၊ (၁၂.၆%) ရာခိုင်နှုန်းမှ အသင့်အတင့်ရှိသည်ဟု အကဲဖြတ်ကြသည်။

## မဲရုံပိတ်သိမ်းခြင်း

မဲရုံပိတ်သိမ်းခြင်း၊ မဲရေတွက်ခြင်းဖြစ်စဉ်များနှင့်ပတ်သက်၍ အစီရင်ခံစာ (၂၇၀) စောင်ရရှိခဲ့ပြီး၊ ဤလုပ်ငန်းစဉ်များ အား ခြုံငုံသုံးသပ်ရလျှင် အားနည်းချက်အနည်းငယ်မှအပ (၉၈.၉%) ရာခိုင်နှုန်းကောင်းမွန်သည် သုံးသပ်ကြသည်။ မဲရုံပိတ်သည့်အချိန်တွင် (၁၄.၃%) ရာခိုင်နှုန်းသောမဲရုံများတွင် မဲဆန္ဒရှင်အချို့ရှိနေပြီး၊ အများစုမဲပေးခွင့်ရရှိခဲ့သည်။

မဲရုံပိတ်ပြီးနောက် (၉၀.၃%) ရာခိုင်နှုန်းသောမဲရုံများတွင် ကျန်နေသောဆန္ဒမဲလက်မှတ်များကို အများရှေ့၌ ရေတွက် ခြင်းကိုဆောင်ရွက်ခဲ့သည်။ ထို့နောက် မဲပုံးများဖွင့်ပြီး ဆန္ဒမဲလက်မှတ် ပျောက်ဆုံးခြင်းရှိ/မရှိ ရေတွက်စစ်ဆေးခြင်း လုပ်ငန်းစဉ်အား (၈၈.၄%) ရာခိုင်နှုန်းသောမဲရုံများတွင် ဆောင်ရွက်ပြီး၊ (၁၁.၆%) ရာခိုင်နှုန်းတွင် ထိုသို့ဆောင်ရွက်ခြင်း မရှိသည်ကိုတွေ့ရှိရသည်။ မဲရုံအားလုံးနီးပါးတွင် စည်းစနစ်နှင့်အညီ ခိုင်လုံမဲ၊ ပယ်မဲများကို တိတိကျကျ ခွဲခြားခဲ့ပြီး၊ အသိသက်သေများနှင့် လူအများကို သေချာစွာပြသခဲ့သည်။ ပယ်မဲများကိုလည်း ကော်မတီဝင်လောင်း(ကိုယ်စား လှယ်လောင်း)၏ကိုယ်စားလှယ်များအား သေချာစွာကြည့်ရှုခွင့်ပေးခဲ့သည်။ သို့သော် မဲရေတွက်ချိန်တွင် (၈၈.၈%) ရာခိုင်နှုန်းသောမဲရုံများတွင် ကော်မတီဝင်လောင်း(ကိုယ်စားလှယ်လောင်း)၏ကိုယ်စားလှယ်များရှိခဲ့ပြီး၊ (၁၁.၂%) ရာခိုင်နှုန်းတွင် မတွေ့ရှိရပေ။ အခြားသောရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကို (၅၀.၆%) ရာခိုင်နှုန်းသော မဲရုံများတွင်တွေ့ရှိရသည်။

မဲရုံအများစုဖြစ်သည့် (၉၆.၅%) ရာခိုင်နှုန်းသောမဲရုံများတွင် မဲရေတွက်ချိန်၌ အသိသက်သေအဖြစ်သူများ ရှိခဲ့ပြီး၊ ကော်မတီဝင်လောင်း(ကိုယ်စားလှယ်လောင်း)များရရှိသည့် မဲအရေအတွက်စာရင်းကို အသိသက်သေများမှ လက်မှတ်ထိုးခဲ့သည်ကိုတွေ့ရသည်။ သို့ရာတွင် ကော်မတီဝင်လောင်း(ကိုယ်စားလှယ်လောင်း)အသီးသီးရရှိသည့် မဲအရေအတွက်ကို မဲရုံတွင်ကပ်ထား ကြေညာခြင်းလုပ်ငန်းစဉ်အား (၆၉.၉%) ရာခိုင်နှုန်းသောမဲရုံများတွင်သာ ဆောင်ရွက်ခဲ့သည်ကိုတွေ့ရပြီး၊ (၃၀.၁%) ရာခိုင်နှုန်းသောမဲရုံများတွင် ဤလုပ်ငန်းစဉ်အား ဆောင်ရွက်ခဲ့ခြင်းမရှိသည် ကို တွေ့ရှိရသည်။ မဲရုံအားလုံးနီးပါးတွင် မဲရေတွက်ပြီး၍ မဲလက်မှတ်များကို အိတ်များတွင် ထည့်သွင်းကာ သေသေ ချာချာရေးမှတ်ပြီး၊ လုံခြုံစွာပိတ်သိမ်းသည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပြီး၊ (၉၅.၁%) ရာခိုင်နှုန်းသော မဲရုံများမှ စာရင်းဇယားများနှင့် မြို့နယ်ကော်မရှင်သို့ပေးပို့ရာ၌ လိုက်ပါခွင့်ရှိသူများ လိုက်ပါခွင့်ရရှိခဲ့သည်။

မဲရုံပိတ်သိမ်းခြင်း၊ မဲရေတွက်ခြင်းဖြစ်စဉ်များနှင့်ပတ်သက်၍ ပုံမှန်မဟုတ်သောဖြစ်စဉ်များအား လေ့လာရာ၌ မဲရေတွက်ခြင်းဖြစ်စဉ်တွင် ဝင်ရောက်စွက်ဖက်မှုများ၊ သြဇာလွှမ်းမိုးမှုများ မရှိသလောက်ဖြစ်ပြီး၊ မဲရလဒ်စာရင်း ဇယားများအား ရည်ရွယ်ချက်ရှိရှိပြုပြင်ထားခြင်းကို မတွေ့ရှိရပေ။ မဲရုံဝန်ထမ်းမဟုတ်သူတစ်ဦးဦးမှ မဲရေတွက်ခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သည်ဟု အစီရင်ခံမှုများ (၄.၅%) ရာခိုင်နှုန်းရှိခဲ့ပြီး၊ အခြားသော တင်းမာမှုများ၊ အနှောက်အယှက်များ မရှိသလောက်နည်းပါးခဲ့သည်။

မဲရုံပိတ်သိမ်းခြင်း၊ မဲရေတွက်ခြင်းလုပ်ငန်းစဉ်များ၏ ပွင့်လင်းမြင်သာမှုအား လေ့လာရာတွင် (၉၈.၉%) ရာခိုင်နှုန်း မြင်သာစွာ စောင့်ကြည့်လေ့လာနိုင်ပြီး၊ အဆိုပါဖြစ်စဉ်များအား (၉၆.၆%) ရာခိုင်နှုန်း ကန့်သတ်မှုမရှိဘဲ ပွင့်လင်း မြင်သာစွာ စောင့်ကြည့်လေ့လာနိုင်ကာ၊ (၉၈.၅%) ရာခိုင်နှုန်းသောမဲရုံများတွင် တာဝန်ရှိသူများမှ ပူးပေါင်းဆောင်ရွက် သည်ဟု အစီရင်ခံမှုများရရှိခဲ့သည်။ ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်၍ ကောင်းမွန်သည်ဟု အကဲဖြတ်မှု (၉၂.၉%) ရာခိုင်နှုန်းရှိခဲ့ပြီး၊ အသင့်အတင့်ရှိသည်ဟု အကဲဖြတ်မှု (၅.၆%) ရာခိုင်နှုန်းရှိခဲ့သည်။ မဲရေတွက်ခြင်းလုပ်ငန်းစဉ်များ အား လိုက်နာမှုအပေါ် အကဲဖြတ်ရာတွင် (၈၇.၇%) ရာခိုင်နှုန်းကောင်းမွန်သည်ဟု အကဲဖြတ်၍၊ (၁၀.၈%) ရာခိုင်နှုန်း အသင့်အတင့်ရှိသည်ဟု အကဲဖြတ်မှုများ ရှိခဲ့သည်။ မဲရုံဝန်ထမ်းများ၏ သမာသမတ်ကျမှုနှင့်ပတ်သက်၍ (၉၂.၅%) ရာခိုင်နှုန်း ကောင်းမွန်သည်ဟုအကဲဖြတ်ကြပြီး၊ (၅.၆%) ရာခိုင်နှုန်း အသင့်အတင့်ရှိသည်ဟု အကဲဖြတ်မှုများ ရှိခဲ့ သည်။

## စောင့်ကြည့်လေ့လာသည့်နည်းစနစ်

New Myanmar Foundation (NMF) အဖွဲ့၏ ကာလရှည်ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ (၁၂) ဦးမှ ရွေးကောက်ပွဲနေ့မတိုင်မီ မတ်လ (၂၅) ရက်နေ့မှ (၃၀) ရက်နေ့အထိ ရွေးကောက်ပွဲဆိုင်ရာဝန်းကျင်အခြေအနေကို လေ့လာခဲ့ပြီး၊ ရွေးကောက်ပွဲနေ့တွင် ကာလတိုရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ (၃၇၃) ဦးကို ကျဘန်းစာရင်းကောက်ယူထားသည့်မဲရုံများတွင် စောင့်ကြည့်လေ့လာရန် တာဝန်ချထားခဲ့သည်။

စောင့်ကြည့်လေ့လာသူများသည် မဲရုံဖွင့်လှစ်ခြင်း၊ မဲပေးခြင်းနှင့် မဲရုံပိတ်သိမ်းခြင်း၊ မဲရေတွက်ခြင်းဖြစ်စဉ်များကို စောင့်ကြည့်လေ့လာခဲ့ပြီး၊ ELMO[6] အချက်အလက်ပေးပို့မှုဆော့ဖ်ဝဲလ်ဖြင့် အဓိကပေးပို့ခြင်း၊ စောင့်ကြည့်လေ့လာသူများအား အခြေအနေသုံးသပ်မှုဌာန (Situation Room) မှ ဖုန်းခေါ်ဆိုခြင်းဖြင့် အချက်အလက်များအား စုဆောင်းခဲ့သည်။ ထို့အပြင် စောင့်ကြည့်လေ့လာသူများမှ ၎င်းတို့၏အစီရင်ခံစာများကို အီးမေးလ်၊ Viber၊ Facebook Messenger များမှတဆင့် ပေးပို့လာခဲ့သည်။

[6] ELection MOnitoring software – https://getelmo.org

No. 35 (5th Floor), Pyar Yay Gone Street, Pyar Yay Gone Ward, Tamwe Township, Yangon.
Ph: (+95) 09-7873 81639, (+95) 09-4531 96568 | Email: contact@newmyanmarfoundation.org
Website: www.NewMyanmarFoundation.org

## နယူးမြန်မာဖောင်ဒေးရှင်းအဖွဲ့အစည်းအကြောင်း

New Myanmar Foundation (NMF) (နယူးမြန်မာဖောင်ဒေးရှင်း)အဖွဲ့သည် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို (၂၀၁၀) ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည်။ ရွေးကောက်ပွဲ ပညာပေးရေးနှင့် စောင့်ကြည့်လေ့လာရေးမိတ်ဖက်များ (EEOP) ကွန်ယက်အဖွဲ့အား (၂၀၁၃)ခုနှစ်တွင် ဖွဲ့စည်း၍ ဦးဆောင်လှုပ်ရှား ဆောင်ရွက်ခဲ့သည်။ (၂၀၁၅) အထွေထွေရွေးကောက်ပွဲနှင့် (၂၀၁၇) ခုနှစ်နှင့် (၂၀၁၈) ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တရားဝင်အသိအမှတ်ပြုမှုရယူကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအား ဆောင်ရွက်ခဲ့သည်။ NMF အဖွဲ့သည် လူ့အခွင့်အရေးလှုပ်ရှားမှုများ၊ ပြည်သူ့နီတိဖော်ဆောင်ရေးလှုပ်ရှားမှုများနှင့် ရွေကောက်ပွဲပညာပေးရေးလုပ်ငန်းများ၊ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ဥပဒေပြင်ဆင်ရေး တိုက်တွန်းနှိုးဆောင်မှုများ စသည်တို့အား အဖွဲ့၏လုပ်ငန်းစဉ်များချမှတ်၍ လှုပ်ရှားဆောင်ရွက်ခဲ့သည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေပြင်ဆင်ရေး၊ ပြည်နယ်/တိုင်းဒေသကြီးများတွင် စည်ပင်သာယာရေးဥပဒေများ ပြင်ဆင်ရေးဆွဲရန်၊ မူဝါဒများချမှတ်နိုင်ရန် နှိုင်းယှဉ်လေ့လာမှုများပြုလုပ်ခြင်း၊ သုတေသနလုပ်ငန်းများ၊ တိုက်တွန်း နှိုးဆော်မှုများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။

ဒေသန္တရရွေးကောက်ပွဲများအား စောင့်ကြည့်လေ့လာရာတွင် (၂၀၁၄) ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲ၊ (၂၀၁၆) ခုနှစ် ချင်းပြည်နယ်စည်ပင်သာယာရွေးကောက်ပွဲများကို စောင့်ကြည့်လေ့လာခဲ့ပြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲတွင် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

## ကျေးဇူးတင်ရှိခြင်း

(၂၀၁၉) ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအဆင့်ဆင့်ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာရေး အတွက် လမ်းဖွင့်ကြိုဆိုခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် အသိအမှတ်ပြုမှု လုပ်ငန်းစဉ်အား ခွင့်ပြုပေးခဲ့သည့် ရန်ကုန်စည်ပင်ရွေးကောက်ပွဲကော်မရှင်မှ ဥက္ကဋ္ဌကြီးဦးအောင်ခိုင်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ မအားလပ်သည့်ကြားမှ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ အား ဦးစွာ မှတ်တမ်းတင်၊ ကျေးဇူးတင်ရှိလိုပါသည်။ New Myanmar Foundation (NMF) အဖွဲ့မှ စောင့်ကြည့် လေ့လာသူများအား လေ့ကျင့်သင်ကြားပေးမှုများတွင် ပံ့ပိုးကူညီပေးခဲ့သည့် The Carter Center အဖွဲ့အားလည်း အထူးပင် ကျေးဇူးတင်၊ မှတ်တမ်းတင်ရှိကြောင်း ဖော်ပြလိုပါသည်။ ထိုနည်းတူစွာ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေး လုပ်ငန်းများတွင် နိုင်ငံသားအသိစိတ်ဓာတ်ပြည့်ဝစွာ၊ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့သည့် စေတနာ့လုပ်အားပေး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများနှင့် အချက်အလက်ကောက်ယူရေးတွင် ပါဝင် ဆောင်ရွက်ပေးခဲ့သည့် စေတနာ့လုပ်အားပေးများအားလုံးကို များစွာကျေးဇူးတင်ရှိလိုပါသည်။ လေ့လာရေးဆိုင်ရာ မေးခွန်းများကို စိတ်ပါဝင်စားစွာ ဖြေကြားပေးခဲ့သည့် ကော်မတီဝင်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူလူထုအားလည်း ကျေးဇူးတင်အပ်ပါသည်။ ထို့အပြင် အဖက်ဖက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သော နယ်ပယ်အသီးသီးမှပညာရှင်များ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

NEW MYANMAR FOUNDATION (နယူးမြန်မာဖောင်ဒေးရှင်း)
အမှတ် (၃၅)၊ ၅-လွှာ၊ ပျားရည်ကုန်းလမ်း၊ ပျားရည်ကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

Website: www.NewMyanmarFoundation.org

Email: contact@NewMyanmarFoundation.org

Phone: (+95) 09-787 381 639, (+95) 09-265 468 511

No.35, 5th Floor, Pyar Yay Gone Street, Pyar Yay Gone Ward,

Tamwe Township, Postal Code: 11211, Yangon, Myanmar.